ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
နေပြည်တော်

စာအမှတ်၊အဆင့်မြင့်/နိုင်ငံခြား/UNESCO/၂၀၂၀(၁၁၁၄၈)
ရက်စွဲ ၊၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၇ ရက်

အကြောင်းအရာ။ **UNESCO/Emir Jaber al-Ahmad al-Jaber al-Sabah Prize ဆု အတွက် အမည်စာရင်း အဆိုပြုနိုင်ကြောင်း အကြောင်းကြားလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ဝန်ကြီးရုံး၏ (၂၄-၈-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ပြန်ကြားရေး(UNESCO Prize)/ ၂၀၂၀ (၂၁၀၃၈)

မသန်စွမ်းသူများအတွက် ဒီဂျစ်တယ် စွမ်းဆောင်ရည်မြင့်တင်ရေးနှင့်ပတ်သက်၍ ၂၀၂၀-၂၀၂၁ ခုနှစ် UNESCO/Emir Jaber al-Ahmad al-Jaber al-Sabah Prize ဆုအတွက် ဆန်းသစ်တီထွင်၍ အကျိုးသက်ရောက်မှုရှိပြီး ဘက်စုံအသုံးပြုနိုင်သည့် ဒီဂျစ်တယ် ဖြေရှင်းမှုများမှတစ်ဆင့် မသန်စွမ်းသူများ၏ နေ့စဉ်ဘဝကို အကျိုးပြုလျက်ရှိသောသူများမှ ဆုရရှိသူ(၂)ဦးကို ရွေးချယ်ပြီး ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာမသန်စွမ်းသူများနေ့ အခမ်းအနား၌ ဆုရရှိသူ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၂၀,၀၀၀) နှင့် ဒီပလိုမာတစ်စောင် ပေးအပ်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့လာသည့်ကိစ္စနှင့်စပ်လျဉ်း၍ တက္ကသိုလ်၊ဒီဂရီကောလိပ်များမှ လျှောက်ထားလိုသူများရှိပါက ဆုနှင့်ပတ်သက်သည့် လျှောက်လွှာပုံစံ၊ The Statues of the Prize နှင့် Guidelines တို့ကို သံရုံးစာပါ အင်တာနက်စာမျက်နှာတို့၌ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် ဖြည့်စွက်ပြီး လျှောက်လွှာများအား အီးမေးလ် ict-pwd@unesco.org သို့ (၂-၉-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ဒေါက်တာယဉ်မျိုးသူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

**ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများအားလုံး**
**တက္ကသိုလ်၊ ဒီဂရီကောလိပ်များအားလုံး**

မိတ္တူကို -
ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန
အတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်
(ပါမောက္ခချုပ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
ဒုတိယညွှန်ကြားရေးမှူးချုပ်(TU/CU)၊ (TET)၊ (A&S)၊ (ရန်ကုန်ရုံးခွဲ)၊ အဆင့်မြင့်ပညာဦးစီးဌာန
ရုံးလက်ခံ/မျှောစာတွဲ